အရည်အသွေးပြည့်မီသော စပါးမျိုးစေ့ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုစနစ်

ဖွံ့ဖြိုးရေးစီမံကိန်း

# စီးပွားဖြစ်မျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း

# လက်စွဲ



## ဆန်နီစပါးကို မည်ကဲ့သို့ကာကွယ်မည်နည်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | နိဒါန်း | ၁ |
| ၁။ | ဆန်နီစပါးဆိုသည်မှာ အဘယ်နည်း | ၂ |
| ၂။ | ဆန်နီစပါးပင်သည် မည်သည့်ပြဿနာများကို ဖြစ်ပေါ်စေသနည်း | ၃ |
| ၃။ | ဆန်နီစပါးစေ့များ၏ လက္ခဏာများမှာ အဘယ်သို့နည်း | ၄ |
| | (၁) လွယ်ကူစွာကြွေခြင်း (ရင့်မည့်မှုစောခြင်း) | ၅ |
| | (၂) မျိုးစေ့ငုပ်ချိန် ကွဲပြားမှုရှိသည် | ၆ |
| | (၃) ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း | ၇ |
| | (၄) သန်စွမ်းခြင်း | ၈ |
| | (၅) အမြီးရှည်သည် | ၉ |
| | (၆) ပုံစံအမျိုးမျိုးရှိခြင်း | ၁၀ |
| ၄။ | ဆန်နီစပါးဖြစ်ပေါ်မှုကို မည်ကဲ့သို့ကာကွယ်မည်နည်း | ၁၁ |
| | (၁) စီးပွားဖြစ်မျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းအတွက် မျိုးသန့် မျိုးပွား မျိုးစေ့ကို အသုံးပြုပါ | ၁၁ |
| | (၂) မြေပြုပြင်ခြင်း | ၁၂ |
| | (၃) ရွှေ့ပြောင်းစိုက်ပျိုးခြင်း | ၁၃ |
| | (၄) မျိုးကွဲနှုတ်ပယ်ခြင်းကို စောလျှင်စွာပြုလုပ်ခြင်း | ၁၄ |
| | (၅) သီးနှံအလှည့်ကျစိုက်ခြင်း | ၁၅ |
| | (၆) ရေသွင်းမြောင်းနှင့်ကန်သင်းများ သန့်ရှင်းစွာထားခြင်း | ၁၆ |
| | (၇) သန့်စင်စက်ကို သန့်ရှင်းစွာထားခြင်း | ၁၇ |
| | (၈) တစ်ရွာလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ကာကွယ်ခြင်း | ၁၈ |
| ၅။ | ဆန်နီစပါးရောနှောပေါက်ရောက်ခြင်း ပြဿနာ လျှော့နည်းစေရန်အတွက် စစ်ဆေးရမည့်အချက်များ | ၁၉ |

# နိဒါန်း

ဓါတ်ခွဲခန်း၌ မျိုးစေ့အရည်အသွေး စစ်ဆေးရေးစံချိန်စံညွှန်းအရ စီးပွားဖြစ်မျိုးသန့် မျိုးစေ့ အဆင့်တွင် ဆန်နီစပါးစေ့အများဆုံးပါဝင်မှုကို စပါး ၅၀၀ ဂရမ်တွင် ၅ စေ့သာ ခွင့်ပြုပါသည်။ အကယ်၍ စပါးမျိုးစေ့၏ အစေ့ ၁၀၀၀ အလေးချိန်သည် ၂၅ ဂရမ်ရှိပါက စပါး ၅၀၀ ဂရမ်တွင် စပါးစေ့ ၂၀၀၀၀ ရှိပါမည်။ စီမံကိန်းဧရိယာ၌ မျိုးစေ့ထုတ်တောင်သူများစွာသည် ဆန်နီစပါးရောနှောပါဝင်မှုကြောင့် မျိုးစေ့ထုတ်လုပ်ရာတွင် အောင်မြင်မှုမရရှိခဲ့ပါ။

ထို့ကြောင့် ဤလက်စွဲစာစောင်၏ ရည်ရွယ်ချက်သည် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ ထုတ်လုပ်ရာ၌ဆန်နီစပါး ပါဝင်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန် ထုတ်ဝေခြင်းဖြစ်ပါသည်။

## ၁။ ဆန်နီစပါးဆိုသည်မှာ အဘယ်နည်း

ကမ္ဘာပေါ်၌ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ဆန်နီစပါးပင်သည် အသန်မာဆုံးသော ပေါင်းပင်တစ်မျိုးဖြစ်သည်။ ဆန်နီစပါးသည် စိုက်ပျိုးထားသော စပါးနှင့်စပါးရိုင်းတို့ သဘာဝအလျောက် မျိုးကူးစပ်၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ယူဆကြသည်။ ဆန်နီဖြစ်ခြင်းသည် လွှမ်းမိုးသော ဗီဇလက္ခဏာဖြစ်သည်။ သဘာဝအလျောက် မျိုးကူးစပ်ပြီးပါက ရိုးရိုးစပါးသာ ရရှိသည်။ နောက်ရာသီတွင် ထိုစပါးစေ့ကို စိုက်ပါက ဆန်နီများကို တွေ့ရှိနိုင်ပါသည်။


စပါးရိုင်း

×


စိုက်ပျိုးထားသောစပါး

→


ဆန်နီစပါး

## ၂။ ဆန်နီစပါးပင်သည် မည်သည့်ပြဿနာများကိုဖြစ်ပေါ်စေသနည်း။




စီးပွားဖြစ် မျိုးသန့်မျိုးစေ့၏ မျိုးစေ့အရည်အသွေးစစ်ဆေးရေး စံချိန်စံညွှန်းအရ စပါး ၅၀၀ ဂရမ်တွင် ဆန်နီစပါးစေ့အများဆုံးပါဝင်မှုကို (၅) စေ့သာ ခွင့်ပြု ထားပါသည်။ ဆန်နီစပါးပါဝင်မှုကြောင့် စပါးမျိုးစေ့၏ အရည်အသွေးနှင့် အထွက်နှုန်းကို လျော့ကျစေပါသည်။

## ၃။ ဆန်နီစပါးစေ့များ၏ လက္ခဏာများမှာ အဘယ်သို့နည်း

ပုံမှန်စပါးစေ့

ဆန်နီစပါးစေ့ (အရှည်)

ဆန်နီစပါးစေ့ (လုံးဝိုင်း)



## ၃။ ဆန်နီစပါးစေ့များ၏လက္ခဏာမှာ အဘယ်သို့နည်း

### (၁) လွယ်ကူစွာကြွေခြင်း (ရင့်မှည့်မှုစောခြင်း)

ပန်းပွင့်ပြီး ၂ ပါတ်အတွင်း စတင်ကြွေသည်။



လက်ဖြင့်ထိလိုက်သည်နှင့်တစ်ပြိုင်နက်ကြွေသည်။




လေတိုက်ခတ်ခြင်းကြောင့် ကြွေသည်။

## ၃။ ဆန်နီစပါးစေ့များ၏ လက္ခဏာမှာ အဘယ်သို့နည်း

### (၂) မျိုးစေ့ငုပ်ချိန်ကွဲပြားမှုရှိသည်။

မျိုးစေ့ငုပ်ချိန်အမျိုးမျိုး
ကွဲပြားမှုရှိသည်။
သို့သော် များသောအားဖြင့်
(၃) လကြာမြင့်တတ်သည်။



## ၃။ ဆန်နီစပါးစေ့များ၏ လက္ခဏာမှာ အဘယ်သို့နည်း

### (၃) ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း

ဆန်နီစပါးပင်သည်
ပုံမှန်/သာမာန်
စိုက်ပျိုးထားသော
စပါးပင်ထက်
သန်စွမ်းသည်။
ပင်ပိုင်းကြီးထွားမှု
အဆင့်တွင်လျှင်မြန်စွာ
ကြီးထွားသည်။



## ၃။ ဆန်နီစပါးစေ့များ၏ လက္ခဏာမှာ အဘယ်သို့နည်း

### (၃) သန်စွမ်းခြင်း


စွတ်စိုနေသောမြေအခြေအနေတွင်ဖြစ်စေ
ခြောက်သွေ့နေသောမြေအခြေအနေတွင်
ဖြစ်စေကြီးထွားမှုအလွန်ကောင်းသည်။



## ၃။ ဆန်နီစပါးစေ့များ၏ လက္ခဏာမှာ အဘယ်သို့နည်း

### (၅) အမြီးရှည်သည်

ဆန်နီစပါးအများစုတွင် အမြီးပါရှိသည်။



## ၃။ ဆန်နီစပါးစေ့များ၏ လက္ခဏာမှာ အဘယ်သို့နည်း

### (၆) ပုံစံအမျိုးမျိုးရှိခြင်း

အစေ့အဆံ

ပုံသဏ္ဌာန်

အမျိုးမျိုးရှိသည်။



## ၄။ ဆန်နီစပါးဖြစ်ပေါ်မှုအား မည်ကဲ့သို့ကာကွယ်မည်နည်း

### (၁) စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းအတွက် မျိုးသန့်မျိုးပွားမျိုးစေ့ကို အသုံးပြုပါ။

စားသုံးရန်စပါးစိုက်ပျိုးခြင်းအတွက် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ကိုအသုံးပြုပါ။

မျိုးသန့်မျိုးပွားမျိုးစေ့နှင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ဆိုသည်မှာ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဓါတ်ခွဲခန်းစစ်ဆေးခြင်းတို့၏ သတ်မှတ်ထားသောစံချိန်စံညွှန်း များဖြင့် ပြည့်မီသော မျိုးစေ့ များဖြစ် သည်။



## ၄။ ဆန်နီစပါးဖြစ်ပေါ်မှုအား မည်ကဲ့သို့ကာကွယ်မည်နည်း

## (၂) မြေပြုပြင်ခြင်း



ကောက်ရိုးများကိုမီးရှို့ခြင်း



စိုက်ခင်းအတွင်းရှိအစေ့များကို
အပင်ပေါက်စေရန်အားပေးခြင်း



အပင်ပေါက်လေးများကို
ထပ်မံထွန်မွှေ၍ဖျက်ဆီးခြင်း

# ၄။ ဆန်နီစပါးဖြစ်ပေါ်မှုအား မည်ကဲ့သို့ကာကွယ်မည်နည်း

## (၃) ရွှေ့ပြောင်းစိုက်ပျိုးခြင်း

ရွှေ့ပြောင်းစိုက်ပျိုးခြင်းသည်
ကြဲပက်စိုက်ပျိုးခြင်းထက်
ဆန်နီစပါးဖြစ်ပေါ်မှုကို
လျော့နည်းစေသည်။



## ၄။ ဆန်နီစပါးဖြစ်ပေါ်မှုအား မည်ကဲ့သို့ကာကွယ်မည်နည်း

## (၄) မျိုးကွဲနုတ်ပယ်ခြင်းကို စောလျင်စွာပြုလုပ်ခြင်း

ပထမအကြိမ်

မျိုးကွဲနုတ်ပယ်ခြင်းကို

ရွှေ့ပြောင်းစိုက်ပျိုးပြီး

(၂) ပါတ်အကြာတွင် ပြုလုပ်

ရမည်။

ဒုတိယအကြိမ်

မျိုးကွဲနုတ်ပယ်ခြင်းကို

ရွှေ့ပြောင်းစိုက်ပျိုးပြီး

(၄) ပါတ်အကြာတွင် ပြုလုပ်

ရမည်။



# ၄။ ဆန်နီစပါးဖြစ်ပေါ်မှုအား မည်ကဲ့သို့ကာကွယ်မည်နည်း

## (၅) သီးနှံအလှည့်ကျစိုက်ပျိုးခြင်း

**စပါး**




**ပဲ**



မျိုးသန့်ထုတ်လုပ်မှုစိုက်ခင်းတွင် စပါးပြီးစပါးစိုက်ပျိုးခြင်းထက် စပါးအပြီး အခြားသီးနှံစိုက်ပျိုးခြင်းသည် ကောက်လေပင်များဖြစ်ပေါ်မှုကိုနည်းစေနိုင်ပါသည်။

## ၄။ ဆန်နီစပါးဖြစ်ပေါ်မှုအား မည်ကဲ့သို့ကာကွယ်မည်နည်း

### (၆) ရေသွင်းမြောင်းနှင့် ကန်သင်းများ သန့်ရှင်းစွာထားခြင်း

ရေသွင်းမြောင်းနှင့်

ကန်သင်းများသည်

သန့်ရှင်းသပ်ရပ်သင့်ပါသည်။



## ၄။ ဆန်နီစပါးဖြစ်ပေါ်မှုအား မည်ကဲ့သို့ကာကွယ်မည်နည်း

## (၇) သန့်စင်စက်ကို သန့်ရှင်းစွာထားခြင်း

အသုံးပြုသောပစ္စည်းကိရိယာများ၊
တောင်း၊ အိတ်၊ တလင်း၊ စက်များနှင့်
မျိုးစေ့သန့်စင်စက်ရုံတို့သည်
သန့်ရှင်းသပ်ရပ်မှု
ရှိသင့်ပါသည်။




## ၄။ ဆန်နီစပါးဖြစ်ပေါ်မှုအား မည်ကဲ့သို့ကာကွယ်မည်နည်း

### (၈) တစ်ရွာလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကာကွယ်ခြင်း

စပါးရိုင်းပင်တစ်ပင်မှ ဝတ်မှုန့်များစွာထွက်နိုင်ပြီး စိုက်ပျိုးထားသော စပါးပင်များစွာထံသို့ ဝတ်မှုန်ကူးနိုင်သောကြောင့်

ဆန်နီစပါးဖြစ်ပေါ်ခြင်းကို ကာကွယ်ရန်အတွက်ကျေးရွာတစ်ရွာလုံးရှိ

စပါးစိုက်ပျိုးသော တောင်သူများအားလုံး နည်းလမ်း (၁) မှ နည်းလမ်း (၈) အထိ ပူးပေါင်းဆောင်ရွက်ရန်လိုသည်။



# ဆန်နီစပါးရောနှောပေါက်ရောက်ခြင်းပြဿနာလျော့နည်းစေရန်အတွက်စစ်ဆေးရမည့်အချက်များ

| | | | စစ်ဆေးရန်အချက်များ | ရည်ရွယ်ချက် | | | |
|---|---|---|---|---|---|---|---|
| **စစ်ဆေးခြင်း ဆန်နီစပါးမကြွေမီမှရိတ်သိမ်းချိန်အထိသေချာနှံ့စပ်စွာကာကွယ်မှုပြုလုပ်ခြင်း** | | | | က | ခ | ဂ | ဃ |
| **စာရင်း ၁** | □ | ★ | မျိုးကွဲတစ်ပင်လုံးကိုအမြစ်မှနုတ်ပစ်ခြင်း (အပင်မြင့်၊ ပင်ပွားအရေအတွက်၊ အရွက်အရောင်) | ● | ● | ● | |
| | □ | ★ | မျိုးကွဲကိုရိတ်သောအခါတွင် လမိုင်းပင်များကိုပါရိတ်သင့်သည် | ● | ● | ● | |
| | □ | ★ | ရိတ်သိမ်းသည်အထိမျိုးကွဲတွေ့တိုင်းနုတ်ပယ်ရန် | ● | ● | ● | |
| | □ | ★ | နုတ်ပယ်ထားသော (သို့ )ရိတ်ထားသောမျိုးကွဲပင်များကိုစိုက်ခင်းနှင့်ဝေးသောနေရာ၌ပစ်ရန်/မီးရှို့ပစ်ရန် | | ● | | |
| | □ | | အဝတ်အစားနှင့် ဖိနပ်တွင်ကပ်ငြိနေသော အစေ့များကိုဖယ်ရှားရန် | | ● | | |
| | □ | | နုတ်ပယ်ထားသောဆန်နီစပါးများ၏လက္ခဏာကို မှတ်တမ်းပြုစုထားရန် | | | | ● |
| **စစ်ဆေးခြင်း မရိတ်သိမ်းမီစပါးစိုက်ခင်းနှင့်အနီးအနားဝန်းကျင်ဧရိယာအားနှံ့စပ်စွာဂရုတစိုက်စစ်ဆေးခြင်း** | | | | | | | |
| **စာရင်း ၂** | □ | ★ | ဆန်နီရှိနေသောစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့်အနီးအနားရှိစိုက်ခင်းများအားသေချာနှံ့စပ်စွာစစ်ဆေးရန် | | ● | ● | ● |
| | □ | ★ | မျိုးစေ့ထုတ်တောင်သူတစ်ဦးတည်းပိုင်ဆိုင်သောအခြားစိုက်ခင်းများကိုလည်းသေချာစွာစစ်ဆေးရန် | | ● | ● | ● |
| | □ | | စိုက်ပျိုးရေးဆိုင်ရာစက်ပစ္စည်းများအတူတူသုံးစွဲခဲ့သောမျိုးစေ့ထုတ်စိုက်ခင်းများကိုလည်းစစ်ဆေးရန် | | ● | ● | ● |
| | □ | | တူညီသောမျိုးတစ်မျိုးတည်းစိုက်ထားသောအခြားမျိုးစေ့ထုတ်စိုက်ခင်းများကိုလည်းစစ်ဆေးရန် | | ● | ● | ● |
| | □ | | ပတ်ဝန်းကျင်တွင်ရှိသောတောင်သူများသည်ဆန်နီစပါးအကြောင်းစိတ်ပါဝင်စားမှုရှိလာစေရန်သတင်းပို့အကြောင်းကြားရမည် | | ● | ● | |
| **စစ်ဆေးခြင်း ဆန်နီစပါးစေ့ပြန့်နှံ့ခြင်းအားကာကွယ်ရန်** | | | | | | | |
| **စာရင်း ၃** | □ | ★ | ဆန်နီကင်းစင်သောစိုက်ခင်းကိုစစ်ဆေးပြီးမှ ဆန်နီရှိသည့်စိုက်ခင်းအားစစ်ဆေးသင့်သည် | | ● | | |
| | □ | | ဆန်နီရှိသည့်စိုက်ခင်း၌ အသုံးပြုသောစက်များကိုသေချာစွာသန့်စင်ရမည် | | ● | | |

| | | | | | | |
|---|---|---|---|---|---|---|
| **စစ်ဆေးခြင်း ရိတ်သိမ်းပြီးနောက်ကြွေကျနေသောဆန်နီစပါးစေ့များအားလျှင်မြန်စွာဖယ်ရှားခြင်း** | | | | | | |
| **စာရင်း ၄** | □ | ★ ထယ်မထိုးဘဲငှက်များကိုကောက်စားစေခြင်းဖြင့်ဖယ်ရှားခြင်း | ● | | ● | |
| | □ | ကောက်ရိုး (သို့) အခြားသောအရာများဖြင့် မဖုံးအုပ်မိစေခြင်း | ● | | ● | |
| **စစ်ဆေးခြင်း ခြွေလှေ့ပြီးနောက် ရရှိလာသောစပါးမျိုးစေ့များမှဆန်နီစေ့များအားဖယ်ရှားခြင်းနှင့်စစ်ဆေးခြင်း** | | | | | | |
| **စာရင်း ၅** | □ | ★ ဆန်နီရှိသောစိုက်ခင်းနှင့် ဆန်နီကင်းစင်သောစိုက်ခင်းမှမျိုးစေ့များကိုမရောပါနှင့် | ● | | | |
| | □ | အတည်ပြုထားသောဆန်နီစပါးမှဆန်နီစေ့များကိုသိမ်းထားရန် | | | ● | ● |
| **စစ်ဆေးခြင်း နောက်ရာသီအတွက်စိုက်ပျိုးနည်းစနစ်ကိုထည့်သွင်းစဉ်းစားရန်** | | | | | | |
| **စာရင်း ၆** | □ | ★ ပဲမျိုးစုံသီးနှံကဲ့သို့သော ယာသီးနှံစိုက်ပျိုးခြင်းနှင့်ပေါင်းသတ်ဆေးအသုံးပြုခြင်းဖြင့်မြက်မျိုးရင်းဝင်အပင်များကိုကာကွယ်ရန် | ● | | ● | |
| | □ | ★ စပါးကိုဆက်လက်စိုက်ပျိုးမည်ဆိုပါကကြဲပက်စိုက်ပျိုးခြင်းအစားရွှေ့ပြောင်းစိုက်သောစနစ်ကိုသုံးရန် | ● | | ● | |
| | □ | ရွှေ့ပြောင်းစိုက်ခြင်းစနစ်တွင်ထိရောက်သောပေါင်းသတ်ဆေးကိုအသုံးပြုရန်နှင့်လက်ဖြင့်ပေါင်းနှိမ်နင်းရန် | ● | | ● | |
| | □ | စီးပွားဖြစ်မျိုးသန့်မျိုးစေ့ကိုသာသုံးပါ၊ မိမိကိုယ်ပိုင်စပါးမျိုးစေ့ကိုမသုံးပါနှင့် | ● | | ● | |

**မှတ်ချက်: ရည်ရွယ်ချက်၏အဓိကသော့ချက် ★အရေးကြီးလိုက်နာရမည့်အချက်များ**

**က - ဆန်နီစပါးစေ့ရောနှောခြင်း၏ပြဿနာကိုလျော့ကျစေခြင်း**

**ခ - ဆန်နီစပါးစေ့ပြန့်ပွားခြင်းအားကာကွယ်နိုင်စေခြင်း**

**ဂ - ကနဦးအစပိုင်းအဆင့်၌ဆန်နီစပါးပြန့်ပွားခြင်းကြောင့် စိုက်ခင်းပျက်စီးမှုကိုကာကွယ်နိုင်ခြင်း**

**ဃ - အနာဂါတ်တွင်စစ်ဆေးတိုင်းတာမှုများကိုတိုးမြှင့်အသုံးချစေခြင်း**

*စစ်ဆေးခြင်းစာရင်း၏အဓိကအချက်အလက်မူရင်း ။ National Agriculture and Food Research Organization in Japan*


25.09.2013 16:07





